THE ARAKAN INTERNATIONAL

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

# နိုင်ငံတကာသတင်းအကျဉ်း (၂၀၁၇ ခုနှစ်၊ ဇျန်နဝါရီလ ၆ / ၇ ရက်)












(၁) ထိုင်းနိုင်ငံတောင်ပိုင်းတွင်မိုးကြီးသည်းထန်ရွာသွန်းမှုကြောင့်ရီကြီးလျှက်ဟိရာ ထိုင်းအစိုးရအနီဖြင့် ရီဘေးဒုက္ခသည်ပြည်သူများကို အလုံးအရင်းနှင့်ကူညီထောက်ပံ့မှုများပီးလျှက်ဟိသည်။ ရီဘေးဒဏ်အများဆုံးခံရသည့် နခွန်ဆီထမ်မာရာ့ ခရိုင်သို့ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ အပြည့်တင်ဆောင်ထားသော အန်ထွင်အမည်ရသည့် တော်ဝင်စစ်သဖော်ကြီးဖြင့် လားရောက်ကယ်ဆယ်ကူညီပံ့ပိုးမှုများ ပီးနီခြင်းဖြစ်သည်။

အေဂုအချိန်ထိရီဘေးဒဏ်ခံရသူပြည်သူများမှာ ခုနစ်သိန်းကျော်လားယာဖြစ်ကြောင်း သတင်းများတွင် ဖေါ်ပြထားသည်။

(ဘန်ကောက်ပို့စ်)

(၂) သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော်၏ အရှို့တောင်ဖက်မိုင်၁၅၀ ခန့်အကွာ၌တည်ဟိသည့် ဟမ်ဘန်တိုတာရီဆိပ်ကမ်းနှင့်စီးပွါးရေးဇုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ၏ဝန်ကြီးချုပ် ရာနီတက်ရောက်စဉ်ဆန္ဒပြသူများနှင့် အစိုးရထောက်ခံသူများကြားတွင် ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွါးလားသည်။

ထိုဆိပ်ကမ်းဆောက်လုပ်ရေးအတွက် တရုတ်အစိုးရသည် အမေရိကန်ဒေါ်လာ ၁.၂ဘီလီယံရင်းနှီးမြှုပ်နှံခပြီးဆိပ်ကမ်းကို၉၉နှစ်ကြာပိုင်ဆိုင်မည့်စာချုပ်ချုပ်ဆိုထားရာ ဆန္ဒပြသူများမှ ယင်းကာလမှာအနဲဆုံးမျိုးဆက်နှစ်ဆက်စာဖြစ်သည့်အတွက်ဒေသတစ်ခုလုံး၏လူမှုရေး၊ယဉ်ကျေးမှုဆိုင်ရာများပြောင်းလဲလားလိမ့်မည်ဟု ပြောဆိုကြသည်။ (ဘန်ကောက်ပို့စ်)

(၃) ၂၀၁၆ ခုနှစ်သည် အမေရိကန်များအနီဖြင့်အလုပ်အကိုင်များစွာရဟိစီခသောနှစ်တစ်နှစ်ဖြစ်ကြောင်း ဖြင့်လုပ်ငန်းခွင်ဆိုင်ရာစာရင်းဇယားများ၌ဖေါ်ပြထားသည်။

နှစ်ကုန်ပိုင်း နိုဗမ်ဘာလတွင် အလုပ်အကိုင်ပေါင်း ၂၀၄၀၀၀ ကိုလည်းကောင်း၊ ဒီဇိမ်ဘာလတွင် ၁၅၆၀၀၀ကိုလည်းကောင်းဖန်တီးပီးခကြောင်း၊ အလုပ်လက်မဟိသူဦးရေမှာ သိသိသာသာလျှော့ကျလားကြောင်းနှင့် ယင်းမှာ ၂၀၁၅ ခုနှစ်ကထက် လုပ်သားဦးရေ ၄.၇ ရာနှုန်းတိုးတက်လာပြီး လုပ်ခလစာများမှာလည်း ၂.၉ ရာနှုန်း တိုးတက်လာခြင်းဖြစ်ကြောင်းဖြင့် သတင်းများကဆိုသည်။

(ဘန်ကောက်ပို့စ်)

(၄) ကမ္ဘာပေါ်၌ ဂျပန်နိုင်ငံသည် သေနတ်ပစ်ခတ်ခြင်းဆိုင်ရာ ရာဇဝတ်ပြစ်မှုအနဲဆုံးနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်ထဲတွင်ဂျပန်တစ်နိုင်ငံလုံး၌ သေနတ်ပစ်မှုဖြင့်သီဆုံး သူဦးရေစုစုပေါင်း ၆ ဦးသာဟိခပြီး ယင်းနှစ်ထဲတွင် အမေရိကန်ပြည်ထောင်စု၌ အဆိုပါအခင်းဖြစ်ပွါးမှုမျိုးဖြင့်သီဆုံးသူဦးရေမှာ ၃၃၅၉၉ ဦးဖြစ်သည်။

ဂျပန်တွင်သေနတ်ဝယ်လိုသူတစ်ဦးအားသင်တန်းများ၊ စစ်ဆေးမှုများ များစွာဖြင့်ကန့်သတ်ထားပြီး၊ သေနတ်ဝယ်သူပုဂ္ဂိုလ်၏ဆွီမျိုးများ၊ လုပ်ဖေါ်ကိုင်ဖက်များအားလုံး၏ နောက်ကြောင်းရာဇဝင်များကင်းရှင်းမှသေနတ်ဝယ်ယူခွင့်ပြုကြောင်းဖြင့် ဆိုသည်။ (ဘီဘီစီ)